# ကုသရေးနှင့်ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာကော်မတီ ပထမအကြိမ် အစည်းအဝေး ရည်ရွယ်ချက်နှင့် အစီအစဉ်

ဒေါက်တာမိုးခိုင်

ညွှန်ကြားရေးမှူး(ကုသရေး)

ကုသရေးဦးစီးဌာန

# နောက်ခံ အခြေအနေ

**Memo of**

**H.E Union Minister**

**on 9-5-2020**

**ကုသရေးလုပ်ငန်းများနှင့်ဆေးရုံလုပ်ငန်းကိစ္စရပ်များ**
**ပိုမိုတိုးတက်ကောင်းမွန်လာရေး အလေးပေးဆောင်ရွက်သွားမည်**

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မေလ (၉) ရက်နေ့

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုအချိန်မှစ၍ (၂၀၂၁) ခုနှစ် မတ်လ (၃၁) ရက်နေ့အထိ လာမည့် (၁၁) လတာခန့် ကာလအတွင်းတွင် ပြည်သူများအား အရည်အသွေးပြည့်ဝသော ကုသရေးဝန်ဆောင်မှုများပေးနိုင်ရန် ဝန်ကြီးဌာန၏ကုသရေးလုပ်ငန်းများနှင့် ဆေးရုံလုပ်ငန်းကိစ္စရပ်များကို ပိုမိုတိုးတက်ထိရောက်ကောင်းမွန်လာရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ အချိန်နှင့် အခြားစွမ်းအားစုများ၏ (၆၅) ရာခိုင်နှုန်းကို အသုံးပြု၍ အလေးပေး အားထုတ်ဆောင်ရွက်သွားပါမည်။

အရည်အသွေးပြည့်ဝသော ဆေးနှင့်ဆေးပစ္စည်းများကို သင့်လျော်မှန်ကန်စွာ ရွေးချယ်ဝယ်ယူရေး၊ လိုအပ်သောနေရာသို့ လိုအပ်သောပစ္စည်းများကို အချိန်မီဖြန့်ဖြူးရေးနှင့် ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာ စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် တိုးတက်ကောင်းမွန်ရေးတို့အပါအဝင် ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူထောက်ပံ့ရေးစနစ် တစ်ရပ်လုံး တိုးတက်ကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်သွားပါမည်။

ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဝန်ထမ်းများ အပါအဝင် ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေးအတွက် လေ့ကျင့်သင်ကြားခြင်းများကို Mobile Tablet များအသုံးပြု၍ E-learning စနစ်ဖြင့်လည်းကောင်း၊ မဖြစ်မနေလက်တွေ့သင်ကြားပြသရမည့် ဘာသာရပ်များအတွက် ဆေးတက္ကသိုလ် (၁) ရှိ ဆေးပညာကျွမ်းကျင်မှု၊ ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာန၌လည်းကောင်း၊ ဆေးရုံများ၌



လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့လေ့ကျင့်သင်ကြားမှုများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ တက္ကသိုလ် (၁၆) ခု၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ပညာရှင်အသီးသီးတို့၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ၊ အစားအသောက်နှင့်ဆေးဝါးဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာဝန်ဆောင်မှုများ၊ တိုင်းရင်းဆေးပညာဆိုင်ရာဝန်ဆောင်မှုများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များ၊ အားကစားနှင့်ကာယပညာပိုင်းဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်ထိရောက်စေရေးကို အထောက်အကူပြုသော သုတေသနများကိုလည်း ဆေးသုတေသနဦးစီးဌာနနှင့် ပေါင်းစပ်၍ ပိုမိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍ၌ ဆောင်ရွက်နေမှုများသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် လက်ခံနိုင်သော အတိုင်းအတာတစ်ခုသို့ ရောက်ရှိနေပြီဟု ထင်မြင်ယူဆပါသည်။ သို့ရာတွင် ယခုအခြေအနေကို ဆက်လက်ထိန်းသိမ်းထားရုံသာမက ပိုမိုတိုးတက်စေရန်အတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်ပါမည်။

ကုသရေးကဏ္ဍနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍနှစ်ခုလုံးတွင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တိုက်ဆိုင်စစ်ဆေးသည့်စာရင်း (checklist) များ အသုံးပြု၍ စောင့်ကြည့်ခြင်းနှင့် သုံးသပ်ခြင်းတို့ကို အမြဲပုံမှန်ဆောင်ရွက်ရန် လိုအပ်ရုံသာမက အခါအားလျော်စွာ လွတ်လပ်သောပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း၊ တာဝန်ပေးခြင်းဖြင့်လည်းကောင်း ဆန်းစစ်သုံးသပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# နောက်ခံ အခြေအနေ

**Memo of**
**H.E Union Minister**
**on 9-5-2020**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ယခုအချိန်မှစ၍ (၂၀၂၁) ခုနှစ် မတ်လ (၃၁) ရက်နေ့ အထိ လာမည့် (၁၁) လတာခန့် ကာလအတွင်းတွင် ပြည်သူများအား အရည်အသွေးပြည့်ဝသော ကုသရေးဝန်ဆောင်မှုများပေးနိုင်ရန် ဝန်ကြီးဌာန၏ကုသရေးလုပ်ငန်းများနှင့် ဆေးရုံလုပ်ငန်းကိစ္စရပ်များကို ပိုမိုတိုးတက်ထိရောက်ကောင်းမွန်လာရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ အချိန်နှင့် အခြားစွမ်းအားစုများ၏ (၆၅) ရာခိုင်နှုန်းကို အသုံးပြု၍ အလေးပေး အားထုတ်ဆောင်ရွက်သွားပါမည်။

# နောက်ခံ အခြေအနေ

**Memo of**
**H.E Union Minister**
**on 9-5-2020**

ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဝန်ထမ်းများ အပါအဝင် ကုသရေးနှင့် ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေးအတွက် လေ့ကျင့်သင်ကြားခြင်းများကို Mobile Tablet များအသုံးပြု၍ E-learning စနစ်ဖြင့်လည်းကောင်း၊ မဖြစ်မနေလက်တွေ့ သင်ကြားပြသရမည့် ဘာသာရပ်များအတွက် ဆေးတက္ကသိုလ် (၁) ရှိ ဆေးပညာ ကျွမ်းကျင်မှု၊ ပုံတူပြုလေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲလည်းကောင်း၊ ဆေးရုံများ၌ လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ ထိုသို့လေ့ကျင့်သင်ကြားမှုများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ တက္ကသိုလ် (၁၆) ခု၊ ဗဟိုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆေးရုံကြီးများမှ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ပညာရှင်အသီးသီးတို့၏ အကူအညီဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ကော်မတီဖွဲ့စည်းခြင်း

- On June 2020
- **Chairpersons** – Director Generals of Department of Medical Services and Department of Human Resources for Health
- **Members** – 15 Rectors, 11 Professor/Heads, 4 DyDGs, 6 Directors
- **Secretary** – Director (Medical Care), DoMS and Director (HR), DHRH

# လုပ်ငန်းတာဝန်များ

(က)ကုသရေးနှင့်ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရေးအတွက် **လေ့ကျင့်သင်ကြားမှုများ စဉ်ဆက်မပြတ်ပြုလုပ်နိုင်ရေး** စီမံဆောင်ရွက်ပေးရန်၊

(ခ) ဝန်ထမ်းအမျိုးအစားအလိုက် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်မည့် **တိကျသည့် အစီအစဉ်** (နေရာ၊ အချိန်ကာလ၊ လူဦးရေ စသည်) ကို ရေးဆွဲပေးရန်၊

(ဂ) လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးမည့်**ကဏ္ဍအလိုက် အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ရန်** (သို့မဟုတ်) ဦးဆောင် ဆောင်ရွက်မည့် သူများ သတ်မှတ်တာဝန်ပေးအပ်ရန်၊

(ဃ)လေ့ကျင့်သင်ကြားမှုဆောင်ရွက်ပေးနိုင်မည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့များ နှင့် **ချိတ်ဆက်ညှိနှိုင်းပေးရန်၊**

# လုပ်ငန်းတာဝန်များ

(င) ဘာသာရပ်အလိုက် ပညာရှင်များ၏ အကူအညီများ ရယူ၍ **သင်ရိုးညွှန်းတမ်းရေးဆွဲရန်**နှင့် ပြောင်းလဲလာသည့် ဆေးပညာအခြေအနေအရ လိုအပ်ပါက ပြင်ဆင်ရေးဆွဲမှုများ ပြုလုပ်နိုင်ရေး စီစဉ်ပေးရန်၊

(စ) ကျန်းမာရေးဝန်ထမ်းများ၏ **မူလလုပ်ငန်းတာဝန်များ မပျက်** သင်ယူနိုင်ရေး ကြီးကြပ်ပေးရန်၊

(ဆ) လေ့ကျင့်သင်ကြားမှုများကို **ဆန်းစစ်သုံးသပ်မှုများ ပုံမှန်**ပြုလုပ်ရန်၊

(ဇ) လေ့ကျင့်သင်ကြားမှု **ရလဒ်များ**ကို အကဲဖြတ်နိုင်မည့် အစီအစဉ်များ သတ်မှတ်ထားရန်၊

(ဈ) လေ့ကျင့်သင်ကြားမှုများအတွက် **ဘဏ္ဍာငွေ**ရှာဖွေပေးရန်၊

# အစည်းအဝေး အစီအစဉ်

(၁) သဘာပတိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ အဖွင့်အမှာစကား ပြောကြားခြင်း၊

(၂) ကော်မတီ၏ အတွင်းရေးမှူး ဒေါက်တာမိုးခိုင်၊ ညွှန်ကြားရေးမှူး(ကုသရေး)က အစည်းအဝေး၏ ရည်ရွယ်ချက်နှင့် အစီအစဉ်များ ရှင်းလင်းတင်ပြခြင်း၊

(3) ပါမောက္ခချုပ်များမှ တက္ကသိုလ်အလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေ ဆွေးနွေးခြင်း၊

(4) ပါမောက္ခ/ဌာနမှူးများမှ ဘာသာရပ်အလိုက် ဆောင်ရွက်နိုင်မည့် အခြေအနေ ဆွေးနွေးခြင်း၊

(5) အထွေထွေဆွေးနွေးခြင်း၊

(6) ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ (Action Plan) အတည်ပြုခြင်း၊

(7) သဘာပတိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးမှ နိဂုံးချုပ်အမှာစကား ပြောကြားခြင်း၊

# အစည်းအဝေး ရည်ရွယ်ချက်

(က)ကုသရေးနှင့်ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပတ်သက်၍ လက်ရှိ အခြေအနေကို ခြုံငုံသုံးသပ်မှုများ ဆောင်ရွက်ရန်၊

(ခ) ကုသရေးနှင့်ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမို မြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုဆိုင်ရာ လုပ်ငန်းများအတွက် အကြံပြုချက်များ ရရှိရန်၊

(ဂ) ကုသရေးနှင့်ဆေးရုံပိုင်းဆိုင်ရာ ဝန်ထမ်းအမျိုးမျိုး၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပိုမို မြင့်မားလာစေရေး လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ရန် ထိရောက်စွာ ဆောင်ရွက်နိုင်မည့် လုပ်ငန်းများ ဆောင်ရွက်ရန်၊

# အစည်းအဝေးရည်ရွယ်ချက် (အဆက်)

(ဃ)ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ ခွဲဝေရန်၊

(င) ကော်မတီအဖွဲ့ဝင်များအကြား ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းများ သတ်မှတ်ရန်၊

(စ) ဘဏ္ဍာငွေရှာဖွေရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရန်၊

# ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း

| | |
|---|---|
| • ဆောင်ရွက်မည့် ကဏ္ဍများ သတ်မှတ်ရန် – | ဘာသာရပ်အလိုက် (သို့မဟုတ်) ဝန်ထမ်းအမျိုးအစားအလိုက် |
| • ဦးဆောင်မည့် သူများ သတ်မှတ်ရန် – | (ကဏ္ဍအလိုက်) |
| • လေ့ကျင့်သင်ကြားမှုအတွက် အစီအစဉ် – | (၄)လ တစ်ကြိမ်/ (၆)လ တစ်ကြိမ်/ တစ်နှစ်တစ်ကြိမ် |
| | ဆေးရုံအခြေပြု သို့မဟုတ် တက္ကသိုလ်အခြေပြု |
| | သင်တန်းကာလ |

# ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း

- ဆက်သွယ်ရေးလမ်းကြောင်း – Email/ Regular meeting (online or meeting)
- Monitoring and Evaluation – ဆောင်ရွက်မည့် သူ (DoMS or DHRH)
- သင်ကြားမှုရလဒ်ဆန်းစစ်ရန် – Pre-test & Post-test သို့မဟုတ်
  Performance-based
- Budget – Regular?

လမ်းညွှန်မှုနာခံအပ်ပါသည်။